# ရှမ်းပြည်နယ်လွှတ်တော်

# လွှတ်တော်သတင်းလွှာ

# Shan State Hluttaw Newsletter

၁၃၈၈ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်    ၉.၆.၂၀၂၆    အတွဲ(၂)၊အမှတ်(၁)






ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ
ဦးစိုင်းလုံကျော်



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ
ဦးစိုင်းထွန်းစိန်

# လွှတ်တော်လုပ်ငန်းမိတ်ဆက်ခြင်းအခမ်းအနားကျင်းပ



ရှမ်းပြည်နယ်လွှတ်တော်လုပ်ငန်းမိတ်ဆက်အခမ်းအနားကို (၁၆.၃.၂၀၂၆) ရက်နေ့၊ နံနက်(၁၀) နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှတ်တော်အစည်းအဝေး (ပထမနေ့)တွင် ဆောင်ရွက်မည့်အစီအစဉ်များ၊ သဘာပတိ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေး၊ ကြယ်ပွင့်ပြ / မပြ မေးခွန်း မေးမြန်းခြင်း၊အဆိုတင်သွင်းခြင်းဆိုင်ရာလွှတ်တော်လုပ်ငန်းစဉ်ကိစ္စရပ်များ၊ ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးဆိုင်ရာနှင့် ခရီးစရိတ်၊နေ့တွက်စရိတ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီးရှမ်းပြည်နယ်လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကာ အခမ်းအနားကို နံနက် (၁၁) နာရီ (၁၁) မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။အဆိုပါ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၁) ဦး တက်ရောက်ခဲ့ပါသည်။





# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ပထမနေ့) ကျင်းပ



တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို (၂၀.၃.၂၀၂၆) ရက်၊ သောကြာနေ့၊ နံနက် (၁၀)နာရီတွင် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်မှ ရွေးကောက်ခံပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၁၃၂) ဦး တက်ရောက်ခဲ့ကြသည်။

---

**ပြည်သူ့အသံ . . . လွှတ်တော်အသံ**

**ပြည်သူ့ဆန္ဒ . . . လွှတ်တော်ဆန္ဒ**

**ပြည်သူတို့ မျှော်လင့်ချက်...လွှတ်တော်ကဖော်ဆောင်ရွက်...**



အခမ်းအနားမှူးအဖြစ်ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမျိုးကဆောင်ရွက်ခဲ့ပြီးပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိအစည်းအဝေးကိုကြီးကြပ်ကွပ်ကဲနိုင်ရန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားသဘာပတိလောင်းအဖြစ်တင်မြှောက်ရန်ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)ကိုသဘာပတိအဖြစ်ရွေးချယ်တင်မြှောက်ခဲ့ပြီးသဘာပတိကနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။













## ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) က သဘာပတိအဖြစ် ဆောင်ရွက်စဉ်




သဘာပတိက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂) ဦး ရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာခဲ့သည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနေစဉ်






**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုစဉ်**



**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးစဉ်**



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရာတွင် ဦးစိုင်းလုံကျော်၊ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)တစ်ဦးတည်းကိုသာအမည်စာရင်းတင်သွင်းခဲ့သဖြင့် ဦးစိုင်းလုံကျော်အား ဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ကြောင်းသဘာပတိက ကြေညာခဲ့ပါသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ရာဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် ဦးစဝ်သာဦး၊ မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) နှစ်ဦးအမည် စာရင်းတင်သွင်းရာ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၈)အရ ဆန္ဒမဲလက်မှတ်အသုံးပြု၍ ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲဖြင့် မဲခွဲဆုံးဖြတ်ရာ ဦးစိုင်းထွန်းစိန်က ဆန္ဒမဲ(၁၀၂)မဲရရှိသည့်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၆ နှင့်နည်းဥပဒေ ၂၇ တို့အရ ဦးစိုင်းထွန်းစိန်အားပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း သဘာပတိက ကြေညာခဲ့သည်။


ထို့နောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ဦးစိုင်းလုံကျော်နှင့်ဦးစိုင်းထွန်းစိန်တို့ကသဘာပတိ၏ရှေ့မှောက်၌ကတိသစ္စာပြုပြီးကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးကြပြီး သဘာပတိက၂၀၁၃ခုနှစ်၊ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၉အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံကျော်အားတာဝန်လွှဲအပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

# ဆန္ဒမဲလက်မှတ်အသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲပေးစဉ်













## သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တာဝန်လွှဲအပ်စဉ်




## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှုတ်ခွန်းဆက်စကားပြောကြားစဉ်



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကျင်းပ




တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို(၂၆.၃.၂၀၂၆) ရက်နေ့၊နံနက်(၁၀)နာရီက ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ခဲ့သည်။

ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီနှင့်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီတို့၏သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် ကော်မတီအသီးသီးရှိ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ(၄)ခုတို့၏ လျာထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။





# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(တတိယနေ့)ကျင်းပ









တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ကို(၃၀.၃.၂၀၂၆) ရက်နေ့၊နံနက်(၁၀)နာရီက ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဒုတိယနေ့က ဖတ်ကြားရှင်းလင်းခဲ့သော ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကော်မတီတို့၏ လျာထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များ အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့ပြီး အဆိုပါကော်မတီ (၄) ခုအား ဖွဲ့စည်းကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)ကျင်းပ



တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို(၆.၄.၂၀၂၆)ရက်နေ့၊ နံနက် (၁၀) နာရီက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခြင်းခံရသောသူက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ အရအဆိုပြုပေးပို့ထားသည့် ဦးစိုင်းထိန်စိုး၊ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ၏ အမည်စာရင်းအားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့နိုင်ကြောင်းကြေညာခဲ့သည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၊ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၏ အမည်စာရင်းနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းပေးပို့လာခြင်း မရှိသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ ပြည်နယ်ဝန်ကြီးဌာန အရေအတွက် (၇) ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇) ဦး အဆိုပြုချက်အားလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ အရ ပြည်နယ်လွှတ်တော်တရားသူကြီး ဦးရေ (၄) ဦးအားလည်းကောင်း အဆိုပြုပေးပို့ထားမှုကိုပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာခဲ့ပါသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးဌာန အရေအတွက် (၇) ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇) ဦးတင်ပြထားခြင်းနှင့် စပ်လျဉ်း၍ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) နှင့် ဦးသီဟလှိုင်၊ သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) တို့က ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ (၄) ဦး အဆိုပြုပေးပို့ထားခြင်းနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း ပေးပို့လာခြင်းမရှိသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်ကသဘောတူကြောင်း ကြေညာခဲ့ပါသည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(ပဥ္စမနေ့)ကျင်းပ

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) (၇.၄.၂၀၂၆) ရက်နေ့၊ နံနက် (၁၀) နာရီခွဲအချိန်က တောင်ကြီးမြို့၊ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသည်။

ထို့နောက် အစည်းအဝေးစတုတ္ထနေ့တွင် လွှတ်တော်သို့တင်ပြခဲ့သည့် ပြည်နယ်ဝန်ကြီးဌာန အရေအတွက် (၇) ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇) ဦးတင်ပြထားခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူခဲ့ပါသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အတည်ပြုထားသော အောက်ဖော်ပြပါဝန်ကြီးဌာနများ၏ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ဖတ်ကြားတင်ပြခဲ့ပါသည် -

(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) လူမှုရေးရာဝန်ကြီးဌာန

(ဃ) လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဝန်ကြီးဌာန

(င) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) စည်ပင်သာယာရေးဝန်ကြီးဌာန

ဆက်လက်ပြီး အထက်ပါဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အောက်ဖော်ပြပါပုဂ္ဂိုလ်များ၏ အမည်စာရင်းအားလွှတ်တော်သို့ဖတ်ကြားတင်ပြခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာလဆိုင်း | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါ်နန်းခမ်းလု | လူမှုရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးခွန်သန်းထူး | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (င) | ဦးလင်းအောင်ဆွေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (စ) | စိုင်းဝမ်းလိုင်းတစ်ပ် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဆ) | ဦးခွန်ထွန်းဖြူ | စည်ပင်သာယာရေးဝန်ကြီးဌာန |

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုတင်ပြထားသောပြည်နယ်ဥပဒေချုပ်အဖြစ် ဦးစိုင်းကျော်ဇံအားလည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ထွေးရီ အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင် တို့အားလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့အမည်စာရင်း ဖတ်ကြားတင်ပြခဲ့ပါသည်။

၎င်းအပြင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့လာသည့်ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးသန်းဦးလွင်၏ အမည်စာရင်းအားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းပေးပို့နိုင်ကြောင်းကြေညာခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်ပြထားမှုအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့မရှိသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်ကသဘောတူခဲ့ပါသည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဝန်ကြီးဌာနများ၏ အမည်စာရင်း နှင့် ဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်သို့ဖတ်ကြားတင်ပြစဉ်



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပ




တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို နံနက် (၁၀)နာရီက တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှရယူထားသောရှမ်းပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုးရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးကိန်မိုင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ခ) | ဒေါ်အေးချိုစိန် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဂ) | ဒေါ်ခင်ထွေးအောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဃ) | ဦးဝီလ်ဆင်မိုး | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (င) | ဒေါ်ငွေလှိုင် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (စ) | ဦးထွန်းအောင် | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (ဆ) | ဒေါ်တင်တင်ရီ | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏အောက်ဖော်ပြပါအမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ သဘောတူညီချက်ရယူခဲ့ပါသည် -

**(က) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဦးအာကာလင်း | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) | ဥက္ကဋ္ဌ |
| (၂) | ဦးဟိန်းထက်ဇော် | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးအောင်ပြည့်စုံ | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၅) | ဒုတိယဗိုလ်မှူးကြီး သန့်စင်နိုင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

**(ခ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ခွန်ဖိုးစိန် | ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) | ဥက္ကဋ္ဌ |
| (၂) | ခွန်ကျော်အေး | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၃) | ခွန်ညီမောင် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (၄) | ဦးဒီဂေါလ် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၅) | ဒုတိယဗိုလ်မှူးကြီး ညီညီတင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |





# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(သတ္တမနေ့)ကျင်းပ

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို (၁၀.၄.၂၀၂၆)ရက်နေ့၊ နံနက် (၁၀) နာရီက တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ်ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ကပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ကတိသစ္စာပြုခဲ့ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား လွှတ်တော်သို့ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီးတတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေးအောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာခဲ့သည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကလွှတ်တော်သို့မိန့်ခွန်းပြောကြားစဉ်





ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုစဉ်



ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်



ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်



ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောပုဂ္ဂိုလ်များက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်



ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုစဉ်



ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ




တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို (၂၀-၃-၂၀၂၆) ရက်နေ့မှ (၁၀-၄-၂၀၂၆)ရက်နေ့အထိ (၇)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် သဘာပတိတင်မြှောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ကတိသစ္စာပြုခြင်း၊ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ ပြည်နယ်လွှတ်တော် သဘာပတိနှင့် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဦးစိုင်းထိန်စိုး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန(၇)ခုနှင့် ဝန်ကြီး(၇)ဦး အဆိုပြုချက်အား လွှတ်တော်သို့ကြေညာခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ(၄)ဦး အဆိုပြုချက်အား လွှတ်တော်သို့ကြေညာခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၎င်းအပြင်ရှမ်းပြည်နယ်အတွက်ဝန်ကြီးဌာန(၇)ခုနှင့် ဝန်ကြီး(၇)ဦးအမည်စာရင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီး(၃)ဦး၏ အမည်စာရင်းတင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ ပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီဖွဲ့စည်းမှု

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အဖွဲ့ဝင် | စုစုပေါင်း ဦးရေ |
|---|---|---|---|---|---|
| ၁ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ဦးဒီဂေါလ် | ဦးစိုင်းလှိုင်ခမ်း | (၁၀) ဦး | (၁၂) ဦး |
| ၂ | တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီ | ဦးခွန်ဟန်သိန်းဦး | ဦးစိုင်းခမ်းကျော် | (၁၃) ဦး | (၁၅) ဦး |
| ၃ | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ စိစစ်ရေးကော်မတီ | ဦးခင်အောင်ဆွေ | ဦးစောမူးလာ | (၄) ဦး | (၆) ဦး |
| ၄ | ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ | ဦးအောင်ကျော်ညွန့် | ဦးထင်အောင်နိုင် | (၉) ဦး | (၁၁) ဦး |

# လွှတ်တော်၏ အဓိကတာဝန် (၃) ရပ်

## (၁) ဥပဒေပြုခြင်း
## (၂) အပြန်အလှန်ထိန်းညှိခြင်း
## (၃) ပြည်သူများကို ကိုယ်စားပြုခြင်း

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအလိုက် အစည်းအဝေး ကျင်းပမှုများ



ဥပဒေပြုရေးဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပနေစဉ်



တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအစည်းအဝေးကျင်းပနေစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများအလိုက် အစည်းအဝေးကျင်းပမှုများ



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပနေစဉ်



ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီအစည်းအဝေးကျင်းပနေစဉ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဂုဏ်ပြုညစာစားပွဲကျင်းပ




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားစဉ်

(၂၃.၃.၂၀၂၆) ရက်နေ့၊ ညနေ (၅) နာရီအချိန်တွင် တောင်ကြီးဟိုတယ်မြက်ခင်းပြင်၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဂုဏ်ပြုအထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တက်ရောက်လာသူများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ပြီး ဧည့်သည်တော်များကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။





# "ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ" ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ကျင်းပ




(၂၄.၃.၂၀၂၆)ရက်နေ့၊နံနက် (၁၀)နာရီအချိန်တွင်ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ သံလွင်ခန်းမ၌ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေနှင့်ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဆိုင်ရာရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ပြီးရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မိမိလှိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်ကလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။





ဌာနဆိုင်ရာများမှရှင်းလင်းဆွေးနွေးစဉ်



ဌာနဆိုင်ရာများမှရှင်းလင်းဆွေးနွေးစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းစဉ်



---

## ရှမ်းပြည်နယ်လွှတ်တော်၏ မျှော်မှန်းချက် ( Vision)

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ/သားတို့၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားရေးဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန်ဖြစ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်တရားသူကြီးများ စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအတွင်းရေးမှူးများ စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်



# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ မွန်းလွဲ(၁)နာရီအချိန်တွင်ရှမ်းပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌဦးရဲနိုင်အောင်နှင့်အဖွဲ့အားလွှတ်တော်ဥက္ကဋ္ဌရုံးခန်းတွင်လက်ခံတွေ့ဆုံခဲ့ပြီးရှမ်းပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌမှရှမ်းပြည်နယ်အတွင်းဆောင်ရွက်နေသည့်ဥပဒေအထောက်အကူပြုလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ မန္တလေးလျှောင်ကြီးလှုပ်ခတ်မှု(၁)နှစ်ပြည့် အခမ်းအနားတက်ရောက်



၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ နေ့လယ် (၁၂)နာရီ(၄၅)မိနစ်အချိန်၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့်"မန္တလေးငလျှင်ကြီးလှုပ်ခတ်မှု"(၁)နှစ်ပြည့်အခမ်းအနားကိုရှမ်းပြည်နယ်အစိုးရအဖွဲ့၊ပြည်နယ်ဝန်ကြီးချုပ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလူမှုရေးအသင်းအဖွဲ့များ၊အရပ်ဘက်လူမှုအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊အလှူရှင်များ၊ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း(၅၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန်တာဝန် (Mission)

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသောဥပဒေများသည် ပြည်နယ်သူ/ ပြည်နယ်သားများအတွက်အမှန်တကယ်အကျိုးစီးပွားဖြစ်ထွန်းစေခြင်း ရှိ/မရှိ၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေသောအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူများ၏ ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ
# ၁၃၈၇ ခုနှစ်၊ တောင်ကြီးမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့်လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် အင်းလေးရေပေါ်သင်္ကြန်ဖွင့်ပွဲအခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ
တောင်ကြီးမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့်လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားအား
ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ
လမ်းလျှောက်သင်္ကြန်ပွဲတော်ပါဝင်ဆင်နွှဲနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ
အင်းလေးရေပေါ် သင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားတက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ



(၁၇.၄.၂၀၂၆ )ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင်ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနား၌ ဘိုး/ဘွားများအားအလှူငွေများဖြင့် ကန်တော့နေစဉ်



(၁၇.၄.၂၀၂၆ )ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင်ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနား၌ ဘိုး/ဘွားများအားအလှူငွေများဖြင့် ကန်တော့နေစဉ်



(၁၇.၄.၂၀၂၆ )ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင်ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနား၌ ဘိုး/ဘွားများအားအလှူငွေများဖြင့် ကန်တော့နေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

(၃၀.၄.၂၀၂၆) ရက်နေ့ ညနေ (၄) နာရီအချိန်၊ တောင်ကြီးမြို့၊ စူဠာမုနိလောကချမ်းသာစေတီတော်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကဆုန်လပြည့်နေ့(ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းပွဲနှင့် ပင့်သံဃာ(၁၀၈) ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်နှင့်ဇနီး၊ရှမ်းပြည်နယ်လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမျိုးနှင့် လွှတ်တော်ရုံးဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး ပင့်သံဃာ(၁၀၈) ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်နှင့်ဇနီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမျိုး က လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း



ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရပ်စောက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်များရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်



လွှတ်တော်ကိုယ်စားလှယ်များရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်




လွှတ်တော်ကိုယ်စားလှယ်များရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်

ရပ်စောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးဖွင့်ပွဲနှင့်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကိုမေလ (၄)ရက်နေ့၊နံနက်ပိုင်းကရပ်စောက်မြို့၊ဈေးတန်းရပ်ကွက်ရှိလွှတ်တော်ကိုယ်စားလှယ်များရုံးရှေ့တွင်ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ထွေးအောင်၊ ရပ်စောက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်တို့က ရက်စောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး၊ လွှတ်တော်ကိုယ်စားလှယ်များရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး၍ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။




**အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်**



# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပွဲအခမ်းအနားတက်ရောက်




(၄.၅.၂၀၂၆)ရက်နေ့၊ ရပ်စောက်မြို့နယ်၊ ရဿဝတီခန်းမ၌ ကျင်းပပြုလုပ်သည့် ရပ်စောက်မြို့နယ်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများအားတွေ့ဆုံပွဲ အခမ်းအနားသို့ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ထွေးအောင်၊ ရပ်စောက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့်တို့က တက်ရောက်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ အခမ်းအနားတက်ရောက်မှုများ



(၅.၅.၂၀၂၆)ရက်နေ့၊ တောင်ကြီးမြို့၊ ခရိုင်မီးသတ်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတက်ရောက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်



(၅.၅.၂၀၂၆)ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား တက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုများ



(၇.၅.၂၀၂၆) ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနား တက်ရောက်စဉ်




(၇.၅.၂၀၂၆) ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနား ရှိ ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်




(၇.၅.၂၀၂၆) ရက်နေ့၊ ညောင်ရွှေမြို့နယ်၊ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနားအားတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်



(၇.၅.၂၀၂၆) ရက်နေ့၊ ညောင်ရွှေမြို့နယ်၊ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနားအားတက်ရောက်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်




(၉.၅.၂၀၂၆) ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် "လူငယ်တွေ့ဆုံပွဲ"အခမ်းအနားတက်ရောက်စဉ်



(၉.၅.၂၀၂၆) ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် "လူငယ်တွေ့ဆုံပွဲ"အခမ်းအနားတက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုများ



(၁၃.၅.၂၀၂၆)ရက်နေ့၊တာချီလိတ်မြို့၌ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ပညာသင်နှစ်ကျောင်းအပ်နှံမှုနှုန်းမြင့်တင်ရေးနေ့နှင့်တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး ဝိုင်းဝန်းဖော်ဆောင်ခြင်းအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကဆွေးနွေးစဉ်





(၁၃.၅.၂၀၂၆)ရက်နေ့၊ တာချီလိတ်မြို့၌ ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံမှုနှုန်းမြင့်တင်ရေးနေ့နှင့်တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးဝိုင်းဝန်းဖော်ဆောင်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုများ




(၁၂.၅.၂၀၂၆)ရက်နေ့၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့် "ရက် ၁၀၀ စီမံချက်" နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ဆောင်ရွက်ပေးခြင်း အခမ်းအနားတက်ရောက်စဉ်




(၁၂.၅.၂၀၂၆)ရက်နေ့၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့် "ရက် ၁၀၀ စီမံချက်" နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ဆောင်ရွက်ပေးခြင်း အခမ်းအနားတက်ရောက်စဉ်



(၁၃.၅.၂၀၂၆)ရက်နေ့၊ တာချီလိတ်မြို့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်သည့် "ရက် ၁၀၀ စီမံချက်"အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်း အခမ်းအနားတက်ရောက်စဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊နမ့်စန်ခရိုင်၊နမ့်စန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံး ရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်



(၁၃.၅.၂၀၂၆)ရက်နေ့၊ မိုင်းဖြတ်မြို့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်သည့် "ရက် ၁၀၀ စီမံချက်" နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ဆောင်ရွက်ပေးခြင်း အခမ်းအနားတက်ရောက်စဉ်




(၁၅.၅.၂၀၂၆)ရက်နေ့၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



(၁၆.၅.၂၀၂၆)ရက်နေ့၊ ပင်လုံမြို့၊ မေတ္တာအေးရိပ်ပရဟိတနာယကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်အလှူတော်မင်္ဂလာအခမ်းအနားတွင် ကျောင်းထိုင်ဆရာတော်ဘုရားအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊ ပင်လုံမြို့၊မေတ္တာအေးရိပ်ပရဟိတနာယကကျောင်း ကျောင်းထိုင်ဆရာတော်နှင့်အတူအမှတ်တရဓာတ်ပုံရိုက်ကူးစဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊ နမ့်စန်မြို့နယ်၊ နမ့်စန်ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာတွင် ကျင်းပပြုလုပ်သည့် မျိုးစေ့မြေဩဇာထောက်ပံ့ချီးမြှင့်ခြင်းနှင့် ပဲပုပ်သီးနှံစံပြကွက်စိုက်ခင်းကွင်းပြပွဲ အခမ်းအနား တက်ရောက်စဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊ နမ့်စန်မြို့နယ်၊ နမ့်စန်ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာတွင် ကျင်းပပြုလုပ်သည့် မျိုးစေ့မြေဩဇာထောက်ပံ့ချီးမြှင့်ခြင်းနှင့် ပဲပုပ်သီးနှံစံပြကွက်စိုက်ခင်း ကွင်းပြပွဲ အခမ်းအနား တက်ရောက်စဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊ လွိုင်လင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်စဉ်



(၁၆.၅.၂၀၂၆)ရက်နေ့၊ လွိုင်လင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်စဉ်

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဒေသတွင်းလုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ



**အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပမှုအခမ်းအနားတွင် ပြိုင်ပွဲဝင် ကျောင်းသား/သူများကို အားပေးကြည့်ရှုစဉ်**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် (၁၈.၅.၂၀၂၆) ရက်နေ့ (တနင်္လာနေ့) (၀၉:၀၀) နာရီအချိန်၊ တောင်ကြီးမြို့၊ အ.ထ.က (၁)ဒေါ်ခင်သိန်းခန်းမ၌ကျင်းပပြုလုပ်သည့်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ရဲတပ်ဖွဲ့ဝင်များ၊ပညာရေးဝန်ထမ်းများလည်းတက်ရောက်ခဲ့ရာပြိုင်ပွဲဝင်ကျောင်းသား/ကျောင်းသူများကိုကြည့်ရှုအားပေးခဲ့သည်။








## Contact Us

Phone - 081-2202230,081-2202231
Fax - 081-2202230
Office Email Address - shanparliament@gmail.com
Library Email Address - shanstatehluttawlibrary@gmail.com
Website Address - www.shanstate.hluttaw.mm

ထုတ်ဝေသူ - ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၃၀)